# The Independent Investigative Mechanism for Myanmar (IIMM)

## မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်သော နိုင်ငံတကာစုံစမ်းစစ်ဆေးရေး ယန္တရား

### ဖွဲ့စည်းတည်ထောင်ခြင်း

IIMM ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလ ၂၅ ရက်နေ့တွင် တည်ထောင်ခဲ့ပြီး ၂၀၁၉ ခုနှစ် ဩဂုတ်လတွင် စတင်၍ လုပ်ငန်းလည်ပတ်သည်။ ဂျီနီဗာမြို့တွင် အခြေစိုက်သည်။

### ဖွဲ့စည်းပုံ

- နီကိုလပ်စ် ကိုမ်ဂျီယန်၊ အမေရိကန်နိုင်ငံမှ နိုင်ငံတကာတရားစွဲအရာရှိ ဖြစ်ပြီး IIMM ၏ ခေါင်းဆောင်ဖြစ်သည်။
- IIMM အဖွဲ့တွင် စုံစမ်း စစ်ဆေးရေးအရာရှိများ၊ လေ့လာသုံးသပ်သူများ၊ ဘာသာပြန်ဆိုသူများနှင့် ရှေ့နေများ ပါဝင်လိမ့်သည်။

### လုပ်ပိုင်ခွင့်

IIMM ကို အောက်ပါလုပ်ပိုင်ခွင့်များ ပေးအပ်ထားသည်။

- သက်သေအထောက်အထားများကို စုဆောင်းခြင်း - "၂၀၁၁ ခုနှစ်မှ စတင်ကာ မြန်မာနိုင်ငံအတွင်း ဖြစ်ပွားသော နိုင်ငံတကာဥပဒေများကို ချိုးဖောက်ကျူးလွန်မှု များနှင့် ဆိုးဝါးပြင်းထန်သော ရာဇဝတ်မှုများနှင့်ပတ်သက်၍ သက်သေအထောက်အထားများကို စုဆောင်းပြုစုခြင်း၊ ခိုင်မာစေခြင်း၊ ထိမ်းသိမ်းခြင်းနှင့် ခွဲခြမ်းစိတ်ဖြာ သုံးသပ်မှုပြုရန်။"
- ကျူးလွန်သူများကို တရားစွဲဆိုရန် ပြင်ဆင်ခြင်း - "နိုင်ငံတကာဥပဒေစံနှုန်းများနှင့်အညီ လွတ်လပ်၍မျှတသော ရာဇဝတ်မှုဆိုင်ရာ တရားရေးလုပ်ငန်းများ လျှင်မြန်ထိရောက်၍ ချောမွေ့စွာလုပ်ဆောင်နိုင်ရန် အချက်အလက်ဖိုင်များကို ပြုစုခြင်း။"
- အနာဂတ်တွင် ထိုရာဇဝတ်မှုများအပေါ် တရားစီရင်ပိုင်ခွင့်ရှိသည့် ပြည်တွင်း၊ ဒေသတွင်း၊ နိုင်ငံတကာ တရားရုံးများ သို့မဟုတ် ခုံရုံးများအတွက် လုပ်ငန်းများကို ပြင်ဆင်ခြင်း

### IIMM ၏ အချက်အလက်ဖိုင်များတွင် ထည့်သွင်းပြုစုရမည့် သတင်းအချက်အလက်များ

- ရာဇဝတ်မှုများအတွက် အဓိကတာဝန်ရှိသူလူပုဂ္ဂိုလ်များကို အာရုံစိုက်ထားခြင်း
- ထိုလူပုဂ္ဂိုလ်များက ကျူးလွန်သော ရာဇဝတ်မှုများ
- ရာဇဝတ်မှုဆိုင်ရာ တာဝန်ရှိမှုအမျိုးအစားများ (အမိန့်ပေးသူ သို့မဟုတ် တာဝန်ရှိ အထက်ရာထူးကြီးသူ)
- ဆက်နွယ်ပတ်သက်မှု သက်သေအထောက်အထားများ - ရာဇဝတ်မှုများနှင့် တာဝန်ရှိသော လူပုဂ္ဂိုလ်များအကြား ဆက်စပ်တည်ဆောက်တင်ပြနိုင်ရန်

### အားသာချက်များ

- အခြားသူများ အသုံးပြုနိုင်ရန်အတွက် သက်သေအထောက်အထား အချက်အလက် ဖိုင်များကို IIMM က ပြုစုသွားမည်ဖြစ်၍ ရာဇဝတ်မှုကျူးလွန်သူများကို အနာဂတ်တွင် တရားစွဲဆိုရန် ပိုမိုလွယ်ကူစေပါလိမ့်မည်။
- IIMM ၏ လုပ်ပိုင်ခွင့်သည် လက်ရှိ ဖြစ်ပျက်နေသည်များကို စုံစမ်း ရန်ဖြစ်ပြီး အတိတ်က ဖြစ်ရပ်များကို စုံစမ်းရန်အတွက်လည်း ကန့်သတ်ထားခြင်းမရှိပါ။ မြန်မာနိုင်ငံတွင်း အဖြစ်အပျက်များကို အနီးကပ်စောင့်ကြည့်သွားမည်ဖြစ်ပြီး ရာဇဝတ်မှု ဖြစ်ပွားလာပါက သက်သေအထောက်အထားများကို စုဆောင်းပြုစုသွားမည်ဖြစ်သည်။ ထို့ကြောင့် IIMM သည် အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်မည့် ရာဇဝတ်မှုများကို တားဆီးသူအဖြစ်လဲ အထောက်အကူပြုနိုင်မည်ဖြစ်သည်။
- IIMM သည် အချက်အလက်ရှာဖွေရေးမစ်ရှင် (FFM) ၏ လုပ်ငန်းပေါ်တွင် အမှီပြုတည်ထောင်မည် ဖြစ်ပါသည်။ FFM သည် ၎င်းစုဆောင်းပြုစုထားသော အချက်အလက်များကို IIMM သို့ ပေးအပ်ခဲ့သည်။

1 — Fact-Finding Mission
2 — Independent Investigative Mechanism for Myanmar
3 — International Criminal Court
4 — International Court of Justice
5 — Universal Jurisdiction

AJAR
ASIA JUSTICE AND RIGHTS

Burmese - January 2020
asia-ajar.org

- IIMM က စုဆောင်းပြုစုထားသော သတင်းအချက်အလက်များ ကို အပြည်ပြည်ဆိုင်ရာ တရားစီရင်ခွင့် (Universal Jurisdiction) အခြေခံမူအရ အပါအဝင် (ဥပမာ - အာဂျင်တီးနား) နိုင်ငံတကာရာဇဝတ်မှုခုံရုံး (ICC) နှင့် အခြားခုံရုံးများ တွင် အသုံးပြုနိုင်ပါသည်။ နိုင်ငံတကာတရားခုံရုံး (ICJ) တွင်လည်း အသုံးပြု နိုင်သည်။
- အရပ်ဖက်လူမှုအဖွဲ့အစည်းများအနေဖြင့် IIMM နှင့် ပူးပေါင်းဆောင်ရွက်နိုင်ပြီး သတင်းအချက်အလက်များနှင့် မှတ်တမ်းများကို ပေးအပ်နိုင်ပါသည်။

## ကန့်သတ်ချက်များ

- IIMM သည် မည်သည့်ကျူး လွန်သူ တဦးတယောက်ကိုမျှ တရားစွဲဆိုခြင်း သို့မဟုတ် အပြစ်ပေးနိုင်ခြင်းများ မလုပ်နိုင်ပါ။ သက်သေအထောက်အထားများ စုဆောင်းခြင်းနှင့် ဖိုင်များပြုစုခြင်းသာ ဆောင်ရွက်နိုင်ပါသည်။
- IIMM သည် တရားရုံး သို့မဟုတ် ခုံရုံးမဟုတ်ပါ။ တရားခုံရုံး မကျင်းပနိုင်ပါ။ ကျူးလွန်သူများကို အနာဂတ်တွင် တရားစွဲဆိုမည့် တရားခုံရုံးများသို့ သက်သေအထောက်အထားများ ပေးအပ်ပါမည်။
- လက်ရှိကာလတွင် မြန်မာနိုင်ငံတော်အ စိုးရက IIMM အား မြန်မာနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ကို ငြင်းပယ်ထားသည်။
- IIMM ၏ လုပ်ငန်းများကို အများပြည်သူများမှ အလွယ်တကူ သိခွင့်မရနိုင်သည်လည်း ဖြစ်နိုင်ပါသည်။ IIMM သည် လူ့ပ်ရှားမှုများနှင့်ပတ်သက်၍ လူ့အခွင့်အရေးကောင်စီနှင့် အထွေထွေညီလာခံသို့ နှစ်စဉ်အစီရင်ခံစာ တင်သွင်းရပါသည်။ သို့သော် လူ့အခွင့်အရေးချိုး ဖောက်မှုများနှင့်ပတ်သက်၍ သတင်းအချက်အလက် အသေးစိတ်ကို အစီရင်ခံတင်ပြခြင်း ပြုလုပ်နိုင်မည် မဟုတ်ပါ။ (ဤနေရာတွင် FFM နှင့် မတူကွဲပြားသော လုပ်ငန်းစဉ် ဖြစ်သည်။)
- မြန်မာနိုင်ငံအတွင်း ဥပဒေများ သို့မဟုတ် မူဝါဒများ ပြောင်းလဲရန်အတွက် IIMM က တိုက်တွန်းမှုများ လုပ်ဆောင်ဖွယ်မရှိပါ။
- IIMM အနေဖြင့် ကွင်းဆင်းထိတွေ့မှုဆောင်ရွက်ရန်နှင့် ၎င်းတို့ ၏လုပ်ငန်းများ အပေါ်တွင် အများပြည်သူ နားလည်သိရှိသဘောပေါက်စေရန်အတွက် ကြိုးပမ်းမှုများ ဆောင်ရွက်ရန်အတွက် အကန့်အသတ်ရှိနိုင်ပါသည်။

## အရပ်ဖက်လူထုအဖွဲ့အစည်းများမှ ဖြစ်နိုင်ခြေရှိသော ထိတွေ့ဆောင်ရွက်နိုင်မှု

အရပ်ဖက်အဖွဲ့အစည်းများသည် အောက်ပါတို့ကို လုပ်နိုင်သည်။

- သတင်းအချက်အလက်နှင့် မှတ်တမ်းများအား IIMM သို့ ပေးပို့နိုင်ခြင်း
- ကျူးလွန်ခံရသူများနှင့် သက်သေများမှ သက်သေခံအထောက်အထားများကို IIMM သို့ ပေးအပ်နိုင်ရန် ကူညီခြင်း
- IIMM ၏ လုပ်ငန်းစဉ်များကို အများပြည်သူသို့ အသိပေးပြီး ကျူးလွန်ခံရသူများ၏ မျှော်လင့်ချက်များနှင့် ပတ်သက်၍ ရှင်းလင်းခြင်း
- IIMM တွင် ဒေသတွင်း လူ့အခွင့်အရေးမှတ်တမ်းပြုစုရေး ကြိုးပမ်းဆောင်ရာတွင် ကျွမ်းကျင်သူများ အပါအဝင် တိုင်းရင်းသားများ၏ အခြေအနေ၊ ယဉ်ကျေးမှုနှင့် ဘာသာစကားများကို နားလည်တတ်ကျွမ်းသော ဝန်ထမ်းများကိုခန့်ထားရန်အတွက် UN နှင့် IIMM ၏ အဖွဲ့ခေါင်းဆောင်ကို တိုက်တွန်းလှုံ့ဆော်ရန်။ ထို့အပြင် IIMM တွင် ဒေသခံ တိုင်းရင်းသားအဖွဲ့များ၏ ကိုယ်စားပြုမှုကိုလည်း အာမခံရန်အတွက် တိုက်တွန်းရန်။
- IIMM နှင့် ပူးပေါင်းလုပ်ဆောင်သည့် ထိခိုက်လွယ်သော ကျူးလွန်ခံရသူများနှင့် မျက်မြင်သက်သေများသည် IIMM မှ သင့်လျော်သော ကျန်း မာရေးနှင့် စိတ်ပိုင်းဆိုင်ရာထောက်ပံ့မှုများ ရရှိစေရန်အတွက် IIMM ကို တိုက်တွန်းသွားရန်။

**သတင်းအချက်အလက်ပိုမိုသိရှိလိုပါက အောက်ပါစာမျက်နှာတွင် ကြည့်ရှုနိုင်ပါသည်။:**

https://www.ohchr.org/EN/HRBodies/HRC/IIMM/Pages/Index.aspx